အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

# ငြိမ်းချမ်းရေးအတွက် အတူတကွ၊ အားလုံးအတွက် လုံခြုံရေး

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ ထုတ်ပြန်ကြေညာချက်
အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်။

၂၀၁၉ ခုနှစ် ၊ စက်တင်ဘာ လ (၂၁) ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် "ငြိမ်းချမ်းရေးအတွက်အတူတကွ - အားလုံးအတွက်လုံခြုံရေး" အမျိုးသမီးများ အတွက်ငြိမ်းချမ်းရေးဖိုရမ်ကို ရန်ကုန်မြို့ရှိ ၊ Green Hill ဟိုတယ်တွင် စက်တင်ဘာ (၂၀-၂၁) နေ့အထိ ကျင်းပခဲ့ပါသည်။ နှစ်ရက်တာကျင်းပသောဖိုရမ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အမျိုးသမီးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGO)နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO) မှ ကိုယ်စားလှယ်များ၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း လူဦးရေ (၃၄၈) ဦး တက်ရောက်ခဲ့ပါသည်။

ဖိုရမ်တက်ရောက်လာသော ကိုယ်စားလှယ်များမှ ဆွေးနွေးရာတွင် စစ်ပဋိပက္ခဒေသအတွင်း အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသောစိန်ခေါ်မှုများ၊ ပဋိပက္ခလွန်ဒေသများအတွင်းရှိ အမျိုးသမီးများ၏ အသက်ရှင်ရပ်တည်နိုင်ရေး အပါအဝင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများ၊ မြန်မာပြည်ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ အမျိုးသမီးများ၏ အသံ၊ အမြင်သဘောထားပါဝင်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နေသည့် တချိန်တည်းမှာပင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေပြီး ကျေးလက်ဒေသများသာမက မြို့ပေါ်အထိပင် အရပ်သားများအား ပစ်မှတ်ထားပစ်ခတ်မှုများ၊ လက်နက်ကြီးပုံးဆံထိမှန်မှုများ အရှိန်မြင့်တက်လာကာ ထိခိုက်သေဆုံးမှုများ ပိုမိုများပြားလာသည်ကို ဖိုရမ်တက်ရောက်သူများက အထူးစိုးရိမ်ပူပန်ကြောင်း တင်ပြကြသည်။

"အားလုံးအတွက်ဘေးကင်းပြီး တရားမျှတသည့် လူမှုအသိုင်းအဝိုင်းတရပ်ကို ဖော်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းသာယာဝပြောသည့်နိုင်ငံကို တည်ဆောက်နိုင်ရေး" အတွက် ငြိမ်းချမ်းရေးဆွေးနွေးနေသည့် သက်ဆိုင်ရာ လက်နက်ကိုင်အစုအဖွဲ့များအားလုံးအနေဖြင့် စစ်ပွဲများရပ်တန့်ကာ ပိုမိုအဓိပ္ပာယ်ပြည့်ဝပြီး လက်တွေ့ကျသော ငြိမ်းချမ်းရေးဆွေးနွေးမှုများကို လုပ်ဆောင်ရန် အထူးလိုအပ်ကြောင်း ဖိုရမ်တက်ရောက်သူများမှ ထောက်ပြခဲ့ကြသည်။

ထို့အပြင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျှောက် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအားလုံး လိုက်နာဆောင်ရွက်ရန်လိုအပ်သည့်အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅) နှင့် (၁၈၂၀) ပါ အချက်များအတိုင်း အစိုးရအပါအဝင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည့် အစုအဖွဲ့များအားလုံးအနေဖြင့် ပဋိပက္ခဒေသရှိ အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိကြောင်းကိုလည်း အလေးအနက်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံအမျိုးသမီးများအတွက် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဆင့်စီမံချက် (National Action Plan) ကို ပဋိပက္ခဒေသရှိအမျိုးသမီးများ၏  ပူးပေါင်းပါဝင်ခြင်း၊ အမျိုးသမီးများအား အကြမ်းဖက်ခံရခြင်းမှ အကာအကွယ်ပေးခြင်း၊ ကြိုတင်တားဆီးခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဟူသည့် အခြေခံသဘောတရားများအပေါ် မူတည်ပြီး ရေးဆွဲအကောင်အထည်ဖော်ဆောင်ရန် တခဲနက် တိုက်တွန်းခဲ့ ကြသည်။

ဆက်သွယ်ရန်

နော်ဆဲဆဲ - အထွေထွေအတွင်းရေးမှူး

၀၉ ၇၈၂၇ ၁၅၃၅၆

နန်းဇင်နွယ် - မူဝါဒရေးရာ ဦးဆောင်အဖွဲ့

၀၉ ၄၄၉ ၃၂၉ ၅၈၀

နန်းခမ်းအွန် - မူဝါဒရေးရာ ဦးဆောင်အဖွဲ့

၀၉ ၄၂၆၆ ၀၇၅၄၆